**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**နေပြည်တော်**

MONREC

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဂျပန်နိုင်ငံ ODA Loan ချေးငွေအကူအညီဖြင့်
မိတ္ထီလာမြို့တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မိတ္ထီလာမြို့နယ်
ရေပေးဝေရေးစီမံကိန်းအတွက် တင်ပြလာသော
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP)၏

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

**(Environmental Compliance Certificate–ECC)**

ရက်စွဲ။ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၄ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC( ၃၀၃ ) ရက်စွဲ။ ၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂)နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ်၆၁၆/၂၀၁၅)တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဦးသိန်းလွင်<br>ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - မိတ္ထီလာမြို့နယ်အတွင်း ရေသန့်စင်စက်ရုံ (အနေးသဲစစ်ကန်) နှစ်ခုတည်ဆောက်ခြင်း၊ အမြင့်ပေ ၄၀ ရှိ ဂါလန်၁၂၀၀၀ ဆံ့ ရေစင်တစ်ခုတည်ဆောက်ခြင်း၊ PVC ပိုက်လိုင်းများ သွယ်တန်းတပ်ဆင်ခြင်း၊ မြင်းကောင်ရေ ၃၀ အားရှိ ရေစက်သုံးလုံးတပ်ဆင်ခြင်း၊ အနေးသဲစစ်ကန်စနစ် ထည့်သွင်းတည်ဆောက်ခြင်း၊ တစ်ရက်လျှင် ရေဂါလန်ပေါင်း နှစ်သန်းကျော် ဖြန့်ဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းနှင့် အခြားလိုအပ်မည့် လုပ်ငန်းခွဲများ ဆောင်ရွက်ခြင်း စီမံကိန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၏ ရပ်ကွက်(၁၄)ရပ်ကွက် |
| (စ) | **စီမံကိန်းတည်နေရာ** | - မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၏ ရပ်ကွက်(၁၄)ရပ်ကွက် |

(ဆ) **ECC သက်တမ်း** - (၅)နှစ်

စတင်ထုတ်ပေးရက် - ၈-၃-၂၀၁၈

သက်တမ်းကုန်ဆုံးရက် - ၇-၃-၂၀၂၃

(ဇ) **အတည်ပြုအစီရင်ခံစာ** - စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၇-၁၂-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၅/၁၀၀၀/ မွေးရေကျေး (၃၀၈၇/၂၀၁၇)

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်း ဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေး နည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၁၃-၇-၂၀၂၃

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဂျပန်နိုင်ငံ ODA Loan ချေးငွေအကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် မိတ္ထီလာမြို့နယ် ရေပေးဝေရေးစီမံကိန်းအတွက် စီမံကိန်းအကြောင်းအရာ**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဂျပန်နိုင်ငံ ODA Loan ချေးငွေအကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် မိတ္ထီလာမြို့နယ် ရေပေးဝေရေးစီမံကိန်းအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၇-၁၂-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၅/၁၀၀၀/ မွေးရေကျေး (၃၀၈၇/၂၀၁၇) ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်သည်။


၂။ **စီမံကိန်းအဆိုပြုသူ။** ဦးသိန်းလွင်၊ ညွှန်ကြားရေးမှူးချုပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** မိတ္ထီလာမြို့နယ်အတွင်း ရေသန့်စင်စက်ရုံ (အနေးသဲစစ်ကန်) နှစ်ခုတည်ဆောက်ခြင်း၊ အမြင့်ပေ ၄၀ ရှိ ဂါလန် ၁၂၀၀၀ ဆံ့ ရေစင်တစ်ခုတည်ဆောက်ခြင်း၊ PVC ပိုက်လိုင်းများ သွယ်တန်းတပ်ဆင်ခြင်း၊ မြင်းကောင်ရေ ၃၀ အားရှိ ရေစက်သုံးလုံး တပ်ဆင်ခြင်း၊ အနေးသဲစစ်ကန်စနစ် ထည့်သွင်းတည်ဆောက်ခြင်း၊ တစ်ရက်လျှင် ရေဂါလန်ပေါင်း နှစ်သန်းကျော် ဖြန့်ဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းနှင့် အခြားလိုအပ်မည့် လုပ်ငန်းခွဲများဆောင်ရွက်ခြင်း စီမံကိန်းတည်ဆောက်မည် ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** ကုန်ကြမ်းပစ္စည်းများအနေဖြင့် Treatment planted (slow and filter) 2 nos, Overhead tank (12000 gal/ 40ft height), Pipe line (3'',4'', 6'',8'',10'',12'')PVC, Pump (30 hp) 3 nos, Slow sand filter treatment system including (mixing tower, Gravel bed flocculation, slow sand filter , clear water tank) တို့ဖြစ်ပါသည်။


၅။ **စီမံကိန်းတည်နေရာ။** မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ရပ်ကွက်(၁၄) ရပ်ကွက်တို့တွင် တည်ရှိပါသည်။

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ရေပေးဝေရေးစနစ်၏ တည်နေရာပြမြေပုံ




# မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ရေပေးဝေရေးစနစ်၏ ပုံသဏ္ဍာန်ပြပုံ

## Water Supply System 1




## Water Supply System 2




**Requirement**

1) WTP (SSF 600,000 G/day) 2 nos.
   (1) Mixing Tower
   (2) Gravel bed flocculation
   (3) Slow Sand Filter
   (4) Clear Water Tank
2) Over Head Tank 12,000 G, 40 ft
3) Pipeline Replacement (3", 4", 6", 8", 10"12") PVC Pipe
4) New PVC Pipeline (3", 4", 6")
5) 30HP Pump 7 nos.
6) Pump House 3 nos

Planned water source is Meiktila Lake
Attached the agreement with Irrigation Department for use of Meiktila Lake
TDC do not need to make the agreement for the construction for the facilities of water supply system.

နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းချက်များ၊ အထွေထွေစည်းကမ်းချက်များနှင့် ကန့်သတ်ချက်များ

### ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဂျပန်နိုင်ငံ ODA Loan ချေးငွေအကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် မိတ္ထီလာမြို့နယ် ရေပေးဝေရေးစီမံကိန်းအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၇-၁၂-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၅/၁၀၀၀/ မွေးရေကျေး(၃၀၈၇/ ၂၀၁၇) ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP) အစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်း သိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် မိတ္ထီလာမြို့နယ် အတွင်း ရေသန့်စင်စက်ရုံ (အနေးသဲစစ်ကန်)နှစ်ခု တည်ဆောက်ခြင်း၊ အမြင့်ပေ ၄၀ ရှိ ဂါလန်၁၂၀၀၀ ဆံ့ ရေစင်တစ်ခုတည်ဆောက်ခြင်း၊ PVC ပိုက်လိုင်းများ သွယ်တန်း တပ်ဆင်ခြင်း၊ မြင်းကောင်ရေ ၃၀ အားရှိ ရေစက်သုံးလုံး တပ်ဆင်ခြင်း၊ အနေး သဲစစ်ကန်စနစ် ထည့်သွင်းတည်ဆောက်ခြင်း၊ တစ်ရက်လျှင် ရေဂါလန်ပေါင်း နှစ်သန်း ကျော် ဖြန့်ဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းနှင့် အခြားလိုအပ်မည့် လုပ်ငန်းခွဲများ ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကာလအတွင်း လူနေရပ်ကွက်များအနီးတွင် ဖုန်မှုန့်ပျံ့လွင့် မရှိစေရေးအတွက်ရေဖျန်းခြင်းတို့ကို ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးဧရိယာများအနီးတွင်ရှိသော ဆောက်လုပ်ရေးယန္တရား များ၏ အမြန်နှုန်းများအား တစ်နာရီ ကီလိုမီတာ၂၀နှုန်းဖြင့် မောင်းနှင်ရန်၊

(၃) ဆောက်လုပ်ရေးယန္တရားများ၏ အိတ်ဇောဂက်(စ်)များ ($SO_2$,$NO_2$) ကဲ့သို့သော အဆိပ်သင့်ဓာတ်ငွေ့များ လေထုအတွင်းပါဝင်မှု မြင့်မားခြင်းမှ ရှောင်ရှားနိုင်ရေး အတွက် ပတ်ဝန်းကျင်ဆိုင်ရာထုတ်လွှတ်မှု ဥပဒေများနှင့်ကိုက်ညီသော ယာဉ် ယန္တရားများကို အသုံးပြုရန်နှင့် လိုအပ်ပါက ခေတ်မီစက်များဖြင့် စစ်ဆေး တိုင်းတာ၍ လျော့ပါးသက်သာရေးအတွက် အထူးစောင့်ကြည့်ကြပ်မတ်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလတွင် လုပ်ငန်းခွင်စွန့်ပစ်ရေများအား နုန်းစစ်ကန် (သို့မဟုတ်)အနည်ကျစေပြီးမှ စီးဆင်းအောင် ဆောင်ရွက်ထားရှိရန်၊

(၂) စီမံကိန်းကာလအတွင်း အလုပ်သမားများအတွက် ယာယီအသုံးပြုနိုင်သည့် ကျန်းမာရေးနှင့်ညီညွတ်သော မိလ္လာစွန့်ပစ်သည့်စနစ်များ ထားရှိရန်၊

(၃) လုပ်ငန်းခွင်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် လုံလောက်သော ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ထားရှိရန်။

(င) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆောက်လုပ်ရေးလုပ်ငန်းခွင်မှထွက်ရှိသော ဆူညံသံများလျော့ပါးစေရေး အတွက် အကာအရံများ တပ်ဆင်ထားရှိရန်နှင့် ဆူညံမှုနည်းပါးသည့် စက်ကိရိယာများအား ရွေးချယ်အသုံးပြုရန်၊

(၂) လုပ်ငန်းခွင်၌ ညအချိန် အကြီးစားစက်ကိရိယာများကို အသုံးပြု၍ လုပ်ငန်း ဆောင်ရွက်ခြင်းများမှ ရှောင်ရှားရန်၊

(၃) စက်ကိရိယာများကို ပုံမှန်စစ်ဆေးခြင်းများ ပြုလုပ်ရန်နှင့် ညဘက်တွင် ဆောင်ရွက်သည့် လုပ်ငန်းများကို သတ်မှတ်ထားရှိရန်၊

(၄) ဒေသခံပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်မှု လျော့ပါးစေရေးအတွက် ဆူညံသည့် လုပ်ငန်းများမစတင်မီ တည်ဆောက်ရေးအချိန်ဇယားများ ကြိုတင် အသိပေးဖော်ပြရန်နှင့် ၎င်းတို့၏ သဘောဆန္ဒနှင့်အကြံပြုချက်များ ရယူ ဆောင်ရွက်ရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများဖြစ်သည့် ခုတ်လှဲ သစ်ပင်များနှင့် စွန့်ပစ်စက်သုံးဆီများအား ပြန်လည်အသုံးပြုနိုင်မှုအပေါ် ခွဲခြားထားရှိ၍ ကျန်ဆောက်လုပ်ရေးသုံးစွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထား သည့် စွန့်ပစ်နေရာတွင် စွန့်ပစ်ရန်၊

(၂) လုပ်ငန်းခွင်စခန်းတဲများမှ စွန့်ပစ်အမှိုက်များ၊ မီးဖိုချောင်သုံးစွန့်ပစ်ပစ္စည်းများ နှင့် စွန့်ပစ်စက်သုံးဆီများအား သတ်မှတ်ထားသည့် စွန့်ပစ်နေရာများတွင် စွန့်ပစ်ရန်၊

(၃) စီမံကိန်းလုပ်ငန်းကာလကြာမြင့်လျှင် အလုပ်သမားစခန်းတဲများအတွင်း မိလ္လာ ကန်ပါရှိသည့် ရေဆိုးစနစ်များ ထားရှိရန်၊

(၄) တူးထုတ်လိုက်သောမြေများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် စနစ်တကျ ပြန်လည်အသုံးပြုရန်၊

(၅) အစိုင်အခဲစွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်းအား တားမြစ်ရန်၊

(၆) လောင်စာဆီကဲ့သို့သော အန္တရာယ်ဖြစ်စေသည့် ဆီများကို မတော်တဆ ယိုစိမ့်ခြင်း သို့မဟုတ် ဖိတ်စင်ခြင်းမရှိစေပဲ သတ်မှတ်ထားသော နေရာများတွင် စနစ်တကျ စွန့်ပစ်ရန်။

(ဆ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်ဧရိယာကို သိသာထင်ရှားစွာ ပိုင်းခြားသတ်မှတ်ပြီး အမှတ်အသားများအား ဂရုတစိုက် ထိန်းသိမ်းထားရှိရန်၊

(၂) အန္တရာယ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများအား နောက်ဆုံးမစွန့်ပစ်ခင်ကာလအထိ စနစ်တကျ ထိန်းသိမ်းထားရှိရန်၊

(၃) အများပြည်သူနှင့်သက်ဆိုင်သည့် မြေနေရာအလွတ်များတွင် သစ်ပင်များ စိုက်ပျိုးခြင်းနှင့် သဘာဝပေါက်ပင်များ ထိန်းသိမ်းထားရှိရန်၊

(၄) ရေနေသတ္တဝါများ၏ စားကျက်များမထိခိုက်ရေးအတွက် စွန့်ပစ်ရေများအား အနည်ကျစေပြီးမှ ပြင်ပသို့ စီးဆင်းစေရန်နှင့် မိလ္လာအညစ်အကြေးများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် ယာယီအိမ်သာများ အသုံးပြုရန်၊

(၅) ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ(၂၀၁၈)ကို အပြည့်အဝလိုက်နာရန်၊

(၆) ဓာတ်အားလိုင်းတစ်လျှောက်ရှိ တန်ဖိုးကြီးသည့်အပင်များကို ခုတ်လှဲခြင်းမှ ရှောင်ကြဉ်ရန်၊

(၇) ဆောက်လုပ်ရေးလုပ်သားများသည် သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခြင်းကို ရှောင်ကြဉ်ရန်နှင့် သစ်တောကြိုးဝိုင်းများတွင် အမဲလိုက်ခြင်းကို စနစ်တကျ တားမြစ်ရန်။

(ဇ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းဆောင်ရွက်စဉ်အတွင်း ဆောက်လုပ်ရေးယာဉ်ယန္တရားများ မတော်တဆ ထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် လုပ်ငန်းဆောင်ရွက်ရာလမ်းများတွင် အချက်ပြ အလံကိုင်အလုပ်သမားများထားရှိ ဆောင်ရွက်ရန်၊

(၂) ဘေးအန္တရာယ်ကင်းရှင်းရေး သတိပေးဆိုင်းဘုတ်များ လုံလောက်စွာထားရှိရန်၊

(၃) လုပ်ငန်းခွင်ဧရိယာအတွင်းသို့ ပြင်ပလူများ(ဥပမာ-ကလေးသူငယ်များ) မဝင်ရောက်လာနိုင်ရေးအတွက် ခြံစည်းရိုးများ ကာရံထားရှိရန်၊

(၄) လုပ်ငန်းခွင်အတွင်း ညအချိန်တွင် အလင်းရောင်ကောင်းစွာရရှိရေးအတွက် မီးသီးများတပ်ဆင်ထားရှိရန်၊

(၅) စီမံကိန်းအတွင်း ဆောင်ရွက်ရန် မလိုအပ်သေးသည့် ပိုလျှံနေသော ဆောက်လုပ်ရေး ယန္တရားများအတွက် သီးသန့်နေရာများထားရှိရန်၊

(၆) ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း မြန်နှုန်းမြင့် မောင်းနှင်မှုများအား ကန့်သတ်ရန်၊

(၇) စီမံကိန်းကြီးကြပ်သူမှ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ပုံမှန်စစ်ဆေးမှုများပြုလုပ်ရန်၊

(၈) ကူးစက်ရောဂါများမဖြစ်ပေါ်စေရေးအတွက် ခြင်များပေါက်ဖွားနိုင်ခြင်းမရှိစေရန် ရေနုတ်မြောင်းများ အလုံအလောက်တူးဖော်ခြင်း၊ သင့်တော်သော ယာယီ အိမ်သာများဆောက်လုပ်ခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများကိုအခါ အားလျော်စွာ ပြုလုပ်ရန်။

(ဈ) **စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းမစတင်မီကာလတွင် မြေနေရာရယူခြင်းနှင့် ထိခိုက်နစ်နာသူများအား ပိုင်းခြားသတ်မှတ်၍ ထိခိုက်နစ်နာသူများ၏ အချက်အလက်များအား လူတွေ့ မေးမြန်းပြီး တည်ဆောက်ရေးလုပ်ငန်းများမစတင်မီ အနည်းဆုံး(၁)လ အလိုတွင် ထောက်ပံ့ကူညီမှုများ အပြီးဆောင်ရွက်ရန်၊

(၂) ရာသီဥတုပြောင်းလဲခြင်း၊ ဒေသနှင့်ကိုက်ညီမည့် စီမံကိန်းအစီအစဉ်အကောင် အထည်ဖော်မှုများအတွက် အသေးစိတ်အစီအစဉ်များအား အကြံပေးအဖွဲ့များ နှင့်ပြည်သူလူထု၏ သဘောထားအမြင်များ ညှိနှိုင်းရေးဆွဲပြီး တည်ဆောက်ရေး လုပ်ငန်းများမစတင်မီ အပြီးသတ်ဆောင်ရွက်ရန်၊

(၃) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ထိခိုက်မှုလျော့ပါးစေရေးနည်းလမ်းများနှင့် အညီတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အလုပ်သမားစခန်းတဲ များအပါအဝင် လုပ်ငန်းနေရာများအားလုံး၌ တည်ဆောက်ရေးလုပ်ငန်းများ အတွက် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှု ရှိ/မရှိ နေ့စဉ် (သို့မဟုတ်) လစဉ်(အနည်းဆုံး ၁ကြိမ်မှ၃ကြိမ်) ကန်ထရိုက်တာ၏ HSE အရာရှိ မှ စစ်ဆေးဆောင်ရွက်ရန်၊

(၄) အလုပ်သမားများအပါအဝင်ဒေသခံများ၏ ဘေးကင်းလုံခြုံရေး၊ ကျန်းမာရေးနှင့် သန့်ရှင်းရေးကိစ္စရပ်များတွင် တစ်ကိုယ်ရေသုံး ဘေးအန္တရာယ်ကင်းရှင်းရေး ပစ္စည်းကိရိယာများ စနစ်တကျ အသုံးပြုခြင်းရှိ/မရှိ၊ သဘာဝဘေးအန္တရာယ်များ အတွက် အရေးပေါ်တုန့်ပြန်မှုများဆောင်ရွက်ထားခြင်း ရှိ/မရှိ၊ ကူးစက်ရောဂါများ မဖြစ်ပွားစေရန်အတွက် အမှိုက်၊ အိမ်သာ၊ ရေနုတ်မြောင်း၊ မီးဖိုဆောင်၊ ဆေးဝါး ကိစ္စရပ်များအား စည်းမျဉ်းစည်းကမ်းများနှင့်အညီ စီမံဆောင်ရွက်ထားခြင်း ရှိ/မရှိ စစ်ဆေးခြင်းများအတွက် နေ့စဉ်(သို့မဟုတ်) လစဉ်(အနည်းဆုံး ၁ကြိမ်မှ ၃ကြိမ်) ဆောင်ရွက်ထားခြင်း ရှိ/မရှိ စစ်ဆေးရန်၊

(၅) မတော်တဆထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် အလုပ်သမားစခန်းတဲများ အပါအဝင် လုပ်ငန်းနေရာများအားလုံး သင့်တော်သည့် လုပ်ငန်းခွင်အစီအမံများ လိုက်နာကျင့်သုံးခြင်း၊ လိုအပ်သည့် သတိပေးဆိုင်းဘုတ်များ၊ အကာအရံများ လုံလောက်စွာထားရှိခြင်း ရှိ/မရှိ၊ ကွင်းဆင်းစစ်ဆေးခြင်းများအား နေ့စဉ် (သို့မဟုတ်) လစဉ် (အနည်းဆုံး ၁ကြိမ်မှ ၃ကြိမ်) ဆောင်ရွက်ထားခြင်းရှိ/မရှိ စစ်ဆေးရန်၊

(၆) ပတ်ဝန်းကျင် ရေထု၊ လေထု၊ မြေထုညစ်ညမ်းခြင်းများအား မဖြစ်ပေါ်စေရေး အတွက် လုပ်ငန်းခွင်နေရာများအား လျော့ပါးသက်သာစေခြင်း နည်းလမ်းများ အတိုင်း ဆောင်ရွက်ထားခြင်းရှိ/မရှိ၊ ကန့်ကွက်တိုင်ကြားမှုများအား လက်ခံ ကြားနာခြင်း၊ လုပ်ငန်းခွင်အားစစ်ဆေးခြင်း၊ သင့်တော်သည့် ပြန်လည်ဖြေရှင်းမှု များ၊ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်ခြင်းရှိ/မရှိ နေ့စဉ်(သို့မဟုတ်) လစဉ် (အနည်းဆုံး ၁ကြိမ်မှ ၃ကြိမ်)စစ်ဆေးရန်၊

(၇) လုပ်ငန်းခွင်မှ ထွက်ပေါ်လာသည့် ဆူညံသံများမဖြစ်ပေါ်စေရေးအတွက် လုပ်ငန်း ခွင်နေရာများအား လျော့ပါးသက်သာစေခြင်း နည်းလမ်းများအတိုင်း ဆောင်ရွက် ထားခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးကြည့်ရှုခြင်း၊ ကန့်ကွက်တိုင်ကြားမှုများအား လက်ခံကြားနာခြင်း၊ လုပ်ငန်းခွင်အားစစ်ဆေးခြင်း၊ သင့်တော်သည့်ပြန်လည် ဖြေရှင်းမှုများ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်ခြင်း ရှိ/မရှိ နေ့စဉ် (သို့မဟုတ်) လစဉ်(အနည်းဆုံး ၁ကြိမ်မှ ၃ကြိမ်) စစ်ဆေးရန်၊

(၈) ပတ်ဝန်းကျင် လူမှုအဖွဲ့အစည်းနှင့် ပဋိပက္ခပြဿနာရပ်များ ဖြစ်ပွားခြင်းများ မဖြစ်ပေါ်စေရေးအတွက် လုပ်ငန်းအစီအစဉ်အတိုင်းအတွက် လိုအပ်ပါက ပြည်သူလူထုသို့ ကြိုတင်အသိပေးခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်း၊ ကန့်ကွက်တိုင် ကြားမှုများအား လက်ခံကြားနာခြင်းနှင့် ပြန်လည်ဖြေရှင်းဆောင်ရွက်ခြင်းများ အား စီမံကိန်းဆောင်ရွက်သည့် မြို့နယ်များတွင် လိုအပ်သည့်အခါတိုင်း ဆောင် ရွက်ရန်၊

(၉) ရေထွက်ပင်ရင်းသို့ ဘတ်တီးရီးယားပိုးမွှားများ ကျရောက်မှုနှင့် ရေညစ်ညမ်းမှု မရှိစေရေးအတွက် စီမံကိန်းဧရိယာအတွင်း ရေနမူနာကောက်ယူခြင်းနှင့် ဓာတ်ခွဲခန်း အဖြေအား တစ်နှစ်လျှင် အနည်းဆုံး (၁)ကြိမ်မှ လိုအပ်သည့်အခါတိုင်း ဆောင် ရွက်ရန်၊

(၁၀) စီမံကိန်းဧရိယာအတွင်း ထောက်ပံ့မည့် ရေပမာဏလုံလောက်မှု ရှိ/မရှိ အကျိုး ခံစားရသူများနှင့် အခြားမျှဝေသုံးစွဲသူများ၏ ထင်မြင်ယူဆချက်များ၊ ကန့်ကွက်မှု များ၊ ဒေသခံများတွေ့ရှိလက်ခံထားသည့် အပြောင်းအလဲများအား ဆွေးနွေး

မေးမြန်းခြင်း၊ သတင်းရယူခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို တစ်နှစ်လျှင် အနည်းဆုံး (၂)ကြိမ်မှ လိုအပ်သည့် အခါတိုင်း ဆောင်ရွက်ရန်။

(ည) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဋ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဌ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါ ကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှုမရှိပါက ထပ်မံ ဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) လုပ်ငန်းမစတင်မီကာလတွင် အသုံးစရိတ်အဖြစ် ပြည်သူလူထုသို့ ရှင်းလင်းတင်ပြခြင်းနှင့် သဘောထားအမြင်၊ အကြံဉာဏ်များရယူခြင်းအတွက် ကုန်ကျငွေ ကျပ်သိန်း (၂၀၀,၀၀၀) လျာထားသုံးစွဲရန်၊

(၂) ရေနမူနာကောက်ယူ၍ ဓာတ်ခွဲခန်းစစ်ဆေးခြင်းများအတွက် ကုန်ကျငွေ ကျပ်သိန်း (၁,၀၀၀,၀၀၀) လျာထားသုံးစွဲရန်၊

(၃) ရေအရည်အသွေးတိုင်းတာစစ်ဆေးသည့် ပစ္စည်းများဝယ်ယူခြင်းအတွက် ကုန်ကျငွေကျပ်သိန်း (၃,၀၀၀,၀၀၀) လျာထားသုံးစွဲရန်၊

(၄) အကြံပေးပညာရှင်များငှားရမ်းခြင်းအတွက် ကုန်ကျငွေ ကျပ်သိန်း (၅၀၀,၀၀၀) လျာထားသုံးစွဲရန်၊

(၄) လုပ်ငန်းလည်ပတ်သည့်ကာလတစ်လျှောက် HSE အရာရှိ ငှားရမ်းခန့်ထားခြင်းအတွက် ကုန်ကျငွေ ကျပ်သိန်း (၁,၈၀၀,၀၀၀) လျာထားသုံးစွဲရန်၊

(၅) ဘေးအန္တရာယ်ကင်းရှင်းရေးပစ္စည်းကိရိယာများဝယ်ယူခြင်းအတွက် အသုံးစရိတ်အဖြစ် ကုန်ကျငွေ ကျပ်သိန်း (၂၀၀,၀၀၀) လျာထားသုံးစွဲရန်၊

(၆) လေထုအရည်အသွေးတိုင်းတာစစ်ဆေးခြင်းများ ဆောင်ရွက်မည်ဆိုပါက အနည်းဆုံး(၂)ကြိမ် စစ်ဆေးဆောင်ရွက်ရန်၊

(၇) အသိဉာဏ်ဖလှယ်ခြင်းသင်တန်းအစီအစဉ်များ ကျင်းပခြင်းများအတွက် ကုန်ကျငွေ ကျပ်သိန်း (၂၀၀,၀၀၀) လျာထားသုံးစွဲရန်၊

(၈) လစဥ်စောင့်ကြပ်ကြပ်မတ်ခြင်း ကုန်ကျစရိတ်များဖြစ်သော စာရွက်စာတမ်းများနှင့် သွားလာရေးစရိတ်များအတွက် ကုန်ကျငွေ ကျပ်သိန်း (၃၀၀,၀၀၀) လျာထားသုံးစွဲရန်၊

(၉) အရေးပေါ်အခြေအနေများပေါ်ပေါက်လာပါက ဖြေရှင်းနိုင်ရန် အရံရန်ပုံငွေအဖြစ် ကုန်ကျငွေ ကျပ်သိန်း (၁,၁၀၀,၀၀၀) လျာထားသုံးစွဲရန်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဥ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဥ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဥ် (၂၀၁၈-၂၀၃၀)တို့နှင့် စပ်လျဥ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဥ်၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ကိုယ်စား စီမံကိန်းကိုဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများအားလုံးသည် စီမံကိန်းအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဥ်နှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝလိုက်နာဆောင်ရွက်ရန်၊

(၂) အစီရင်ခံစာတွင် ဖော်ပြထားသော ကတိကဝတ်များအား အပြည့်အဝ လိုက်နာဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ၊ စီမံကိန်းအဆိုပြုသူ၏ မူဝါဒများ၊ စီမံကိန်းနှင့်သက်ဆိုင်သော မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေတို့ကို အစီရင်ခံစာတွင် ဖော်ပြထားမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့်

ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံး ဖြစ်စေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်၊

(၄) ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၅) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရန်၊ ပြန်လည်ထူထောင်ရန်နှင့် လူမှုကာကွယ်စောင့်ရှောက်မှုများကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များအား ဆောင်ရွက်ထားရှိရန်၊

(၆) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန်အတွက် အရင်းအမြစ်များအား စုစည်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးပြီး အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်။

(၇) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် -

(ကက) စီမံကိန်းမှထွက်ရှိလာမည့် ပလပ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် လဟာပြင် မီးရှို့ခြင်းလုပ်ငန်းများပပျောက်ရေး ဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့် ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(ငင) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက် အပိုဒ် ၁.၂ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) သောက်သုံးရေအရည်အသွေးနှင့်ပတ်သက်၍ National Drinking Water Quality Standard , Myanmar (2014) နှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဂ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဃ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် -

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သော အနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

(၄) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စီမံကိန်းအကောင်အထည်ဖော်သည့်ကာလတစ်လျှောက် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်၊

(၅) ဒေသခံပြည်သူများ (Stakeholders) နှင့်စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်၊

(၆) စီမံကိန်းလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်များအပေါ် ထိခိုက်နိုင်သည့်နေရာများတွင် ဒေသခံပြည်သူလူထုနှင့် တိုင်ပင်ဆွေးနွေး၍ ၎င်းတို့၏သဘောထားများ ရယူဆောင်ရွက်ရန်။

(င) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာစည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) ပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင် ဖော်ပြထားသည့် လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့်နေရာများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်၊

(၃) လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများ ဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင်များ စိုက်ပျိုးရန်၊ အပင်များ ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူဆောင်ရွက်ရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ ကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည် -

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေ စေသော (သို့မဟုတ်) ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း (သို့မဟုတ်) ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများ ဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံ ခန့်ခွဲမှုအစီအစဉ်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ စာဖြင့် အသိပေးရမည်။ ပျက်ကွက်မှုတစ်ခုခုကြောင့် အန္တရာယ် ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု ဖြစ်လာနိုင်သည့်ကိစ္စ သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့်ကိစ္စကို (၂၄)နာရီအတွင်း လည်းကောင်း၊ အခြားကိစ္စများအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ် ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာန သို့ အသိပေးတင်ပြရမည်။

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာ

သည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတားဆီးရန် သို့မဟုတ် လျှော့ချရန်ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ပြန်လည်သုံးသပ် ဆောင်ရွက်ရန်၊ မီးဘေးအန္တရာယ် ကာကွယ်ရေးစီမံချက်များ၊ အရေးပေါ်ဘေးအန္တရာယ် ကာကွယ်ရေးစီမံချက်များအား ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်။

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်း အထောက်အထားများ တင်ပြရန်၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှုတို့ကို တင်ပြရန်၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများကို တင်ပြရန်၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ တင်ပြရန်၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို တင်ပြရန်၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့်စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှုကို တင်ပြရန်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/ မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ် (CSR Activities) နှင့်စပ်လျဉ်း၍ လူမှုတာဝန်သိအစီအစဉ်အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများ (Stakeholders) များနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)အစီရင်ခံစာကို အများပြည်သူ သိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေး ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စောင့်ကြပ်ကြည့်ရှုမည့် နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓါတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ် အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း

စသည်တို့ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အပိုဒ် ၁၀၈၊ ၁၀၉ တို့နှင့်အညီ ပြုစု၍ (၆)လ (၁)ကြိမ် မပျက်မကွက် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း သင့်လျော်ရာ နည်းလမ်း အသုံးပြု၍ ထုတ်ဖော်ကြေညာရန်၊

(၂) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၃) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၄) အစီရင်ခံစာတွင် ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး ဖြစ်စေရေး ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတိုင်း အလေးထားလိုက်နာ ဆောင် ရွက်ရန်။

(ဠ) **ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက် များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် လျာထားရန်ပုံငွေများကို စီမံကိန်းအဆင့်တစ်ခုချင်းစီအတွက်လည်းကောင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းအတွက် လျာထားရန်ပုံငွေများကိုလည်းကောင်း သီးခြားစီခွဲခြားဖော်ပြရန်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာ ဆောင်ရွက်ရမည် -

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှစ၍ (၅) နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြု သူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်

ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

၂၁

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---